# နိုင်ငံတော်၏မျက်နှာ
# ကြည့်ပါ

ဇေယျာမိုးမြင့်စံ

# ရေးသားသူ၏ အမှာစာ

ပြည်သူတို့ရွေးကောက်သည့် လွှတ်တော်အဆင့်ဆင့်၏ ကိုယ်စားလှယ်များ၊ ယင်း ကိုယ်စားလှယ်များက ယုံကြည်၍ စိတ်ကြိုက် ရွေးချယ်ထားသည့် ပုဂ္ဂိုလ်များသည် အချုပ်အခြာ အာဏာ၏ အစိတ်အပိုင်းသုံးရပ်ဖြစ်သော ဥပဒေပြုရေး၊ အုပ်ချုပ်ရေး၊ တရားစီရင် ရေးအာဏာတို့ကို ဖွဲ့စည်းပုံအခြေခံ ဥပဒေနှင့်အညီ ခွဲဝေကိုင်စွဲ ကျင့်သုံး ရွက်ဆောင်ကြရပါသည်။

လွှတ်တော်ပွင့်လန်းစ ပြုလာသည့် စာနယ်ဇင်းမီဒီယာက မဏ္ဍိုင်သုံး ရပ်ကို စောင့်ကြည့်ထိန်းကျောင်းမည့် စတုတ္ထမဏ္ဍိုင်အဖြစ် မိမိကိုယ်မိမိ တာဝန်ပေး ရွက်ဆောင်နေသည်ကို တွေ့ရပါသည်။

အကူးအပြောင်းကာလ၌ပင် ရှိနေသေးသည်မှာ ယုံမှားဖွယ် မရှိသ ည့်အလျောက် အရာရာသည် နေသားတကျ မဖြစ်နိုင်သေးသည်ကို အရှိ အတိုင်း ဘဝင်ကျကျ လက်ခံနိုင်ဖို့ လိုမည် ထင်ပါသည်။ သည်းခံ စိတ်ရှည်ကြရပါမည်။ အလျင်အမြန် ခရီးရောက်ဖို့ စိတ်စောနေစေကာမူ လည်း အတွန်းအတိုက်၊ အထိအခိုက်၊ အကျအဆုံး၊ အပွန်းအပဲ နည်းနိုင် သမျှ နည်းအောင် ပြည်သူတစ်ဦးချင်း တစ်ယောက်ချင်းကအစ ဉာဏ်နှ င့်ယှဉ်၍ ဆင်ခြင်နိုင်ချင့်ကာ ခရီးနှင်ကြရမည်ပဲ ဖြစ်ပါသည်။ ခရီးဖော် ကောင်းများအဖြစ် သံသယကင်းစင်စွာ၊ စိတ်ဝမ်းလက်ညီ ကြည်လင်စွာ အညီအညွတ် ပြုကြရပါမည်။

ရန်လိုခြင်း၊ အပြစ်တင်ငြင်းခုံခြင်း၊ အတ္တကို မသိမ်းဆည်းနိုင်ခြင်း အစရှိသည့် အကြောင်းတစ်ခုခုကြောင့် တည်ရှိဆဲ ရည်သန်မျှော်လင့်ချက်များ အခိုးအငွေ့ကဲ့သို့ ပြယ်လွင့်သွားမည်ကို စိုးရိမ်မကင်း ဖြစ်ခဲ့ပါသည်။

ဤစာများသည် လူကြီးမင်းတို့နှင့် ထပ်တူထပ်မျှ နိုင်ငံကို ငြိမ်းချမ်းစေ၊ ညီညွတ်စေ၊ ရှင်းသန့်စေ၊ ဂုဏ်သိက္ခာ ကြီးစွာဖြင့် စည်ပင်ဖွံ့ဖြိုးစေလိုသော သာမန်နိုင်ငံသားတစ်ဦး၏ မျှော်လင့်ချက်၊ စိုးရိမ်သောကနှင့် လိုအင်ဆန္ဒများကို သီကုံးဖွဲ့ဆိုချက်များပင် ဖြစ်ပါသည်။

**လေးစားစွာ**

**ဇေယျာမိုးမြင့်စံ**

*

# ဥပဒေကို မည်သူတွေ လိုက်နာကြမည်လဲ

## (၁)

မည်သူတွေ၊ လိုက်နာရမည်လဲ။ မည်သူတွေ မလိုက်နာဘဲ နေနိုင်ခွင့်ရှိသလဲ၊ မည်သူမဆို လိုက်နာကြရပါမည်။ အဘယ်ကြောင့်ဆိုသော် "ဥပဒေ" ဖြစ်သောကြောင့် ဖြစ်ပါသည်။

ကျွန်တော်တို့သည် (Rule of Law) တရားဥပဒေ စိုးမိုးရေး အကြောင်းကို ပြောမည်ဆိုပါက ဥပဒေအရာ၌ မည်သူမဆို တန်းတူညီမျှ ရှိကြရဲ့လား ဆိုသည်ကို ဦးစွာ စောသြော်သင့်ပါသည်။ ဥပဒေ၏အထက်တွင် မည်သူမျှ မရှိစေရ ဟူသော (Legal Maxin) ၏ အခြားသော အနက်အဓိပ္ပါယ်မှာ "ဥပဒေကို မည်သူမဆို တန်းတူညီမျှ လိုက်နာကြရမည်" ဟူ၍ ဖြစ်ပါသည်။

ဥပဒေ၏အထက်တွင် တစ်စုံတစ်ယောက်၊ သို့မဟုတ် တစ်စုတစ်ဖွဲ့ ရှိနေလိမ့်ဦးမည်ဆိုလျှင်၊ သို့မဟုတ် ဥပဒေ၏ ရှေ့မှောက်တွင် တန်းတူညီမျှ မရှိကြဘူးဆိုလျှင် ကျွန်တော်တို့သည် တရားဥပဒေ စိုးမိုးရေး အကြောင်းကို ပြောခွင့်မရနိုင်သေးဟု ထင်ပါသည်။ တရားဥပဒေစိုးမိုးရေးသည် ကျွန်တော်တို့နှင့် ဝေးကွာသော အရပ်တစ်ပါး၌ တင်းတောင့်တောင့်ကြီး ရှိနေဦးမည် ထင်ပါသည်။

## (၂)

ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာ ခုံရုံး၏ "ပြည်ထောင်စုအဆင့်နှင့် စပ်လျဉ်းသည့်" မတ်လ ၂၈ ရက် ဆုံးဖြတ်ချက်အပေါ် ကျေနပ်မှုမရှိခဲ့ကြသော လွှတ်တော်ကိုယ်စားလှယ် ၃၀၁ ဦးတို့က "လွှတ်တော်အခွင့်အရေး ကော်မတီ" မှ တစ်ဆင့် ခုံရုံးဥက္ကဋ္ဌနှင့် အဖွဲ့ဝင်တို့ကို (Impeachment) စွပ်စွဲပြစ်တင်မှု ပြုလုပ်ရန် လက်မှတ်ရေးထိုးလျက် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌထံ တင်ပြခဲ့သည်ကို ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌက "သည်းခံစောင့်ဆိုင်းရန်" မေတ္တာရပ်ခံပြီး နိုင်ငံတော်သမ္မတထံသို့ သဝဏ်လွှာပေးပို့ခဲ့သော သတင်းများကို စိတ်မချမ်းမြေ့ဖွယ်ရာ ဖတ်ရှုခဲ့ရပါသည်။

ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၃၃၄ (က) တွင် ခုံရုံးဥက္ကဋ္ဌနှင့် အဖွဲ့ဝင်တစ်ဦးဦးအား စွပ်စွဲပြစ်တင်နိုင်သော အချက် ၅ ချက်ကို ဖော်ပြထားပါသည်။

ယင်းတို့မှာ

၁။ နိုင်ငံတော်၏ ကျေးဇူးသစ္စာတော်ကို ဖောက်ဖျက်ခြင်း၊

၂။ ဖွဲ့စည်းပုံအခြေခံဥပဒေပါ ပြဋ္ဌာန်းချက်တစ်ရပ်ကို ဖောက်ဖျက်ကျူးလွန်ခြင်း၊

၃။ အကျင့်သိက္ခာ ပျက်ပြားခြင်း၊

၄။ ပုဒ်မ ၃၃၃ တွင် သတ်မှတ်ထားသည့် နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာ ခုံရုံးအဖွဲ့ဝင်၏ အရည်အချင်း ပျက်ယွင်းခြင်း

၅။ ဥပဒေအရ ပေးအပ်ထားသော တာဝန်များကို ကျေပွန်စွာ မဆောင်ရွက်ခြင်း၊

လွှတ်တော်ကိုယ်စားလှယ် ၃၀၁ ဦးတို့က အဆိုပါ ပုဒ်မခွဲ ၃ နှင့် ၅

တို့ကို ခုံရုံးဥက္ကဋ္ဌနှင့် အဖွဲ့ဝင်တို့က ဖောက်ဖျက်သည်ဟု စွပ်စွဲပြစ်တင်လို ခြင်း ဖြစ်ကြောင်း သိရပါသည်။

ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၃၉၆(က) တွင်လည်း လွှတ်တော် ကိုယ်စားလှယ်တစ်ဦးကို တာဝန်မှ ပြန်လည်ရုပ်သိမ်းနိုင်သော အချက် ၅ ချက်ကို ဖော်ပြထားရာ၊ ခုံရုံးအဖွဲ့ဝင်၏ အရည်အချင်း ပျက်ကွက်ခြင်း ဟူသော စကားရပ်နေရာတွင် "လွှတ်တော်ကိုယ်စားလှယ်၏ အရည်အချင်း ပျက်ယွင်းခြင်း" ဟူသော စကားရပ်ကို အစားထိုးသည်မှ အပ ကျန်အချက်များသည် ပုဒ် ၃၃၄(က) ပါ အချက်များနှင့် ထပ်တူထပ်မျှ တူညီကြောင်း တွေ့ရပါသည်။

ဆိုလိုသည်မှာ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် တစ်ဦးဦးသည် လည်း ဖွဲ့စည်းပုံအခြေခံ ဥပဒေပါ ပြဋ္ဌာန်းချက်တစ်ရပ်ရပ်ကို ဖောက်ဖျက်ကျူးလွန်လျှင် ဖြစ်စေ၊ ဥပဒေအရ ပေးအပ်ထားသော တာဝန်များကို ကျေပွန်အောင် ဆောင်ရွက်ခြင်း၊ မပြုလျှင်ဖြစ်စေ လွှတ်တော်ကိုယ်စားလှယ်အဖြစ်မှ (တာဝန်မှ) ပြန်လည်ရုပ်သိမ်းခြင်း ခံ ရနိုင်ကြောင်းပင် ဖြစ်ပါသည်။ သို့ရာတွင် စွပ်စွဲပြစ်တင်သည့် လုပ်ထုံးလုပ်နည်းနာတို့ တူညီခြင်း မရှိပါ။

## (၃)

"ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များသည် ဖွဲ့စည်းပုံအခြေခံ ဥပဒေပါ ပြဋ္ဌာန်းချက်များနှင့် လည်းကောင်း၊ ပြည်သူ့လွှတ်တော်ဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့် လည်းကောင်း မဆန့်ကျင်လျှင် ပြည်သူ့လွှတ်တော် နှင့် ပြည်သူ့လွှတ်တော်ကော်မတီတို့တွင် လွတ်လပ်စွာ ပြောဆိုခွင့်နှင့် ဆန္ဒမဲပေးခွင့် ရှိသည်။ ထိုသို့ ပြည်သူ့လွှတ်တော်နှင့် ပြည်သူ့လွှတ်တော်

ကော်မတီများတွင် တင်ပြဆွေးနွေးခြင်း၊ ဆောင်ရွက်ခြင်းတို့နှင့် စပ်လျဉ်း၍ ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်တစ်ဦးအား ပြည်သူ့လွှတ်တော်ဆိုင်ရာ ဥပဒေမှအပ အခြားဥပဒေအရ အရေးယူခြင်း မပြုရ။"

ဖွဲ့စည်းပုံ အခြေခံဥပဒေ ပုဒ်မ ၁၃၃(က) ပြဋ္ဌာန်းချက်ဖြစ်ပြီး (လွှတ်တော်နှစ်ရပ်ပေါင်း) ပြည်ထောင်စု လွှတ်တော်ကိုယ်စားလှယ်များနှင့် စပ်လျဉ်း၍လည်း ဖွဲ့စည်းပုံအခြေခံ ဥပဒေပုဒ် ၉၂(က) တွင် အလားတူ ပြဋ္ဌာန်းထားကြောင်း တွေ့ရပါသည်။

လွှတ်တော်ကိုယ်စားလှယ် အသီးသီးတို့သည် ဆိုင်ရာလွှတ်တော်များအတွင်း "လွတ်လပ်စွာ ပြောဆိုခွင့်" နှင့် "ဆန္ဒမဲပေးခွင့်" ရှိကြပါသည်။ သို့သော် ဖွဲ့စည်းပုံအခြေခံဥပဒေ ပြဋ္ဌာန်းချက်များနှင့် လည်းကောင်း၊ ပြည်သူ့လွှတ်တော်ဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့် လည်းကောင်း မဆန့်ကျင်သရွေ့သာ ဖြစ်ပါသည်။

## (၄)

"ပြည်ထောင်စုအဆင့်" နှင့် စပ်လျဉ်း၍ နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံးသို့ တင်သွင်းလွှာ အမှတ် (၁/၂၀၁၂) ကို နိုင်ငံတော်သမ္မတကိုယ်စား ပြည်ထောင်စုရှေ့နေချုပ်က တင်သွင်းခဲ့ပြီး ပြည်ထောင်စုလွှတ်တော်၊ ပြည်သူ့လွှတ်တော်နှင့် အမျိုးသားလွှတ်တော်ကိုယ်စား ပြည်ထောင်စုလွှတ်တော် ဒုတိယနာယကနှင့် ပြည်သူ့လွှတ်တော် ဒုတိယဥက္ကဋ္ဌတို့က ပြန်လည် ရှင်းလင်းခဲ့ကြပါသည်။

"လွှတ်တော်အသီးသီးက ဖွဲ့စည်းထားသည့် ကော်မတီ၊ ကော်မရှင်နှ

င့် အဖွဲ့တို့အား ပြည်ထောင်စုလွှတ်တော်အဆင့် အဖွဲ့အစည်းအဖြစ် ထည့်သွင်းအဓိပ္ပါယ် ဖွင့်ဆိုခြင်းသည် ဖွဲ့စည်းပုံအခြေခံဥပဒေပါ ပြဋ္ဌာန်းချက်များနှင့် ညီညွတ်ခြင်းမရှိကြောင်း"

၂၈-၃-၂၀၁၂ ရက်တွင် နိုင်ငံတော်ဖွဲ့စည်းပုံ အခြေခံဥပဒေဆိုင်ရာ ခုံရုံးက "ဆုံးဖြတ်" ခဲ့ပါသည်။ နိုင်ငံတော်ဖွဲ့စည်းပုံ အခြေခံဥပဒေဆိုင်ရာ ခုံရုံး၏ လုပ်ငန်းတာဝန်များကို ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၃၂၂ တွင် ပြဋ္ဌာန်းထားရာ၊ ယင်းပုဒ်မခွဲ (က) တွင် "ဖွဲ့စည်းပုံအခြေခံဥပဒေပါ ပြဋ္ဌာန်းချက်များကို အနက်အဓိပ္ပါယ်ဖွင့်ဆိုခြင်း" ဟူ၍ ဖော်ပြခဲ့ပါသည်။ ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၃၂၄ တွင် "နိုင်ငံတော်ဖွဲ့စည်းပုံ အခြေခံဥပဒေဆိုင်ရာ ခုံရုံး၏ ဆုံးဖြတ်ချက်သည် အပြီးအပြတ် အတည်ဖြစ်သည်" ဟူ၍ ပြဋ္ဌာန်းထားကြောင်း တွေ့ရပါသည်။

ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၃၂၅ တွင် ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာ ခုံရုံး၏ အဓိပ္ပါယ်ဖွင့်ဆိုချက်၊ ဆုံးဖြတ်ချက်၊ သဘောထားရယူရန် ကိစ္စများအတွက် အဆိုပါခုံရုံးသို့ တိုက်ရိုက်တင်သွင်းခွင့် ရှိသောပုဂ္ဂိုလ် ၆ ဦးကို ဖော်ပြထားရာ ယင်းတို့မှာ နိုင်ငံတော်သမ္မတ၊ ပြည်ထောင်စုလွှတ်တော် နာယက၊ ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌ၊ အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ၊ ပြည်ထောင်စုတရားသူကြီးချုပ်နှင့် ပြည်ထောင်စု ရွေးကောက်ပွဲ ကော်မရှင် ဥက္ကဋ္ဌတို့ ဖြစ်ပါသည်။

## (၅)

တင်သွင်းလွှာအမှတ် (၁/၂၀၁၂) သည် နိုင်ငံတော်သမ္မတကိုယ်စား ပြည်ထောင်စုရှေ့နေချုပ်က တိုက်ရိုက်တင်သွင်းခဲ့ခြင်း ဖြစ်ပြီး၊ ပြည်ထောင်စုလွှတ်တော် ဒုတိယနာယကနှင့် ပြည်သူ့လွှတ်တော် ဒုတိယဥက္ကဋ္ဌ

တို့က ပြန်လည်ရှင်းလင်းခဲ့ခြင်း ဖြစ်သဖြင့် နိုင်ငံတော် ဖွဲ့စည်းပုံအခြေခံ ဥပဒေဆိုင်ရာ ခုံရုံးကလည်း ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၃၂၂(က) အရ အနက် အဓိပ္ပါယ် ဖွင့်ဆိုဆုံးဖြတ်ခဲ့ခြင်း ဟုတ် မဟုတ်၊ အဆိုပါ ဆုံးဖြတ်ချက်သည် ဖွဲ့စည်းပုံ ဥပဒေပုဒ်မ ၃၂၄ အရ "အပြီးအပြတ် အတည်" ဖြစ်၊ မဖြစ် စဉ်းစားသင့်ပါသည်။

- အပြီးအပြတ် အတည်ဖြစ်သည်ဆိုပါက သက်ဆိုင်ရာပုဂ္ဂိုလ် အဖွဲ့အစည်းတို့က လိုက်နာရန် တာဝန် ရှိ၊ မရှိ စဉ်းစားသင့်ပါသည်။

- ဆုံးဖြတ်သည့် အဖွဲ့အစည်းတစ်ခုကို ပြန်လည်ရှင်းလင်းခဲ့သော အဖွဲ့အစည်းတစ်ခုက စွပ်စွဲပြစ်တင်မှု ပြုလုပ်ရန်အထိ အင်အားသုံး၍ ဆောင်ရွက်နေခြင်းသည် ကိုယ်စားလှယ်တို့၏ အဆင့်အတန်းနှင့် အခွင့်အလမ်းအလို့ငှာ မဟုတ်ဘဲ ပြည်သူတစ်ရပ်လုံး၏ အကျိုးစီးပွားအလို့ငှာ ဖြစ်ကြောင်း သေချာမှုရှိ မရှိ စဉ်းစားသင့်ပါသည်။

- လွှတ်တော်ကိုယ်စားလှယ် ၃၀၁ ဦးတို့က လက်မှတ်ရေးထိုးကြလျက် "လွှတ်တော် အခွင့်အရေးကော်မတီ" မှ တစ်ဆင့် ဥက္ကဋ္ဌထံသို့ တင်ပြခဲ့ခြင်းသည် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၁၃၃(က)၊ ပြည်သူ့လွှတ်တော်ဆိုင်ရာ ဥပဒေပုဒ်မ ၄၅ တို့နှင့် ညီညွတ်ခြင်း ရှိ၊ မရှိ စဉ်းစားသင့်ပါသည်။

- အပြီးအပြတ် အတည်ဖြစ်လျက်ရှိသော ဆုံးဖြတ်ချက်ကို လက်မခံ၊ ငြင်းပယ်မည်ဆိုပါက ဖွဲ့စည်းပုံအခြေခံဥပဒေပါ ပြဋ္ဌာန်းချက်အချို့နှင့် ဆန့်ကျင်ခြင်း ရှိ၊ မရှိ စဉ်းစားသင့်ပါသည်။

## (၆)

"မိမိတို့သည် လွတ်လပ်သူများဖြစ်ကြောင်း သေချာစေရန် ဥပဒေ၏

အစေအပါး ဖြစ်ကြရမည်" ဟူ၍ ရောမခေတ် နိုင်ငံရေးခေါင်းဆောင် ဆီဇရို (Cicero) ကလည်း ပြောခဲ့ပါသည်။ ဘုရင်သည် ဥပဒေမဖြစ်ဘဲ ဥပဒေသည် ဘုရင်ဖြစ်မှသာလျှင် ကျွန်တော်တို့သည် "တရားဥပဒေ စိုးမိုးရေး" အကြောင်းကို ပြောရေးဆိုခွင့်ရှိမည် ထင်ပါသည်။

တည်ဆဲဥပဒေ ဟူသမျှကို ပြင်ဆင်ပယ်ဖျက်ခြင်း မပြုသေးသမျှ လေးစားလိုက်နာကြမည် ဟူသော အလေ့အထုံကောင်းများ ဖြစ်ထွန်းသင့်ပါသည်။

**[အမှတ် (၁၇)၊ ၆ စက်တင်ဘာ၊ ၂၀၁၂။**
**Myanmar Independent ဂျာနယ်]**

*

# နိုင်ငံတော်၏ မျက်နှာကြည့်ပါ

## (၁)

ခုံရုံးဥက္ကဋ္ဌနှင့် အဖွဲ့ဝင်တို့က ယင်းတို့သဘောအလျောက် နုတ်ထွက်လျှင်ဖြစ်စေ၊ လွှတ်တော်ကိုယ်စားလှယ်များ၏ ကြိုးကုတ်အားထုတ်မှုကြောင့် စွပ်စွဲပြစ်တင်ခြင်း ခံရပြီး ရာထူးတာဝန်မှ ရပ်စဲခဲ့လျှင်ဖြစ်စေ မဲဆန္ဒရှင် ပြည်သူတို့ ဝမ်းနည်းကြေကွဲကြမည် မထင်ပါ။

အဘယ်ကြောင့်ဆိုသော် အဆိုပါ ဥက္ကဋ္ဌနှင့် အဖွဲ့ဝင် ၉ ဦးတို့အား ပြည်ထောင်စုလွှတ်တော်၏ အတည်ပြုချက်ဖြင့် ခန့်ထားခဲ့ခြင်းသာ ဖြစ်ပြီး ပြည်သူတို့၏ အသည်းကြားက မဲတစ်ပြားစီဖြင့် ရွေးကောက်တင်မြှောက်ထားခြင်း မဟုတ်သောကြောင့် ဖြစ်ပါသည်။

သို့သော် လွှတ်တော်ကိုယ်စားလှယ်အချို့တို့က ပြည်ထောင်စုအဆင့်နှင့် စပ်လျဉ်း၍ ခုံရုံးအဖွဲ့၏ ကြားနာဆုံးဖြတ်မှုအပေါ် ကျေနပ်မှု မရှိခဲ့ကြသဖြင့် နိုးနိုးကြားကြား အငြင်းပွားခဲ့ကြလျက် စွပ်စွဲပြစ်တင်ရန်အထိ အင်တိုက်အားတိုက် ကြိုးကုတ်အားထုတ်နေကြခြင်းမှာ "အများပြည်သူအကျိုးငှာ ဟုတ်၊ မဟုတ်" ပြန်လည်စိစစ်သင့်ပါသည်။ အများပြည်သူအကျိုးငှာ ဟု ဆိုပါက ဝမ်းမြောက်ရမည် ဖြစ်ပြီး လွှတ်တော်ကိုယ်စားလှယ်တို့၏ အကျိုးအလို့ငှာ ဖြစ်ပါက ဝမ်းနည်းရမည် ဖြစ်ပါသည်။

အဘယ်ကြောင့်ဆိုသော လွှတ်တော်အသီးသီးတို့သည် လွှတ်တော်

ကိုယ်စားလှယ်တို့၏ ရရှိခံစားပိုင်ခွင့်ကို ရှေ့တန်းတင်၍ အတိုက်အခံပြု ပြောဆိုရမည့်နေရာ မဟုတ်သောကြောင့် ဖြစ်ပါသည်။

## (၂)

ပြည်ထောင်စုအဆင့်အဖြစ် သတ်မှတ်ခြင်းမခံရပါက လွှတ်တော် လုပ်ငန်းများကို ထိရောက်အောင် ဆောင်ရွက်ရန်နှင့် ပြည်ထောင်စုအ ဆင့် အဖွဲ့အစည်း၊ ပုဂ္ဂိုလ်များကို အပြန်အလှန် ထိန်းကျောင်းမှုပြု ရာတွင် ကန့်သတ်ခက်ခဲမှု ရှိနိုင်ကြောင်း ပြောဆိုကာ ကိုယ်စားလှယ် တို့၏အသံကို ကြားရပါသည်။

"ကျွန်တော်တို့ရဲ့ ကြယ်ပွင့်ပြမေးခွန်းတွေကို ဝန်ကြီးကိုယ်တိုင် လာ ဖြေတာလည်း ရှိ၊ ဒုတိယဝန်ကြီး လာဖြေတာလည်း ရှိ၊ ဒုတိယဝန်ကြီး ဆိုတာလည်း ပြည်ထောင်စုအဆင့်ပဲဗျာ" ဟူ၍ ချိန်ဆပြောဆိုသော ကိုယ်စားလှယ်အချို့၏ အသံကိုလည်း ကြားရပါသည်။

"အလုပ်ကို ထိရောက်စေချင်လို့ပါ၊ ပြည်ထောင်စုအဆင့်ပုဂ္ဂိုလ်ရဲ့ ရ ပိုင်ခွင့်ဆိုတာ မသိပါဘူး၊ စိတ်လည်း မဝင်စားပါဘူး" ဆိုသော ရေးရာ ကော်မတီအတွင်းရေးမှူးတာဝန်ယူထားသည့် ကိုယ်စားလှယ်၏ ပြည်ပ အသံလွှင့်ဌာနတစ်ခုသို့ ဖြေဆိုချက်ကိုလည်း ကြားရပါသည်။

၂၀-၈-၂၀၁၂ Street View ဂျာနယ်၊ စာမျက်နှာ ၃ တွင် ပြည်သူ့လွှတ်တော်နှင့် အမျိုးသားလွှတ်တော်တို့မှ ဖွဲ့စည်းထားသည့် ရေးရာကော်မတီနှင့် ကော်မရှင်အဖွဲ့ပေါင်း ၄၆ ခု ရှိသည်ဟု ဖော်ပြထား ပါသည်။ ရေးရာကော်မတီတစ်ခုတွင် ဥက္ကဋ္ဌ၊ အတွင်းရေးမှူး အပါအဝင် ၁၅ ဦးခန့် ရှိရာ ကော်မတီအားလုံးတွင် ကိုယ်စားလှယ်အဖွဲ့ဝင်ပေါင်း ၆၀၀ ဦးခန့် ရှိနိုင်ပါသည်။ အဆိုပါ Street View ဂျာနယ် စာမျက်နှာ ၄ နှ

င့် ၅ တွင် "အယ်ဒီတာ" ဆိုသူရေးသော ဆောင်းပါးတစ်ပုဒ် ပါရှိပြီး "ပြည်ထောင်စုအဆင့် ဆိုရာ၌ သတ်မှတ်ချက်တစ်ရပ်အဖြစ်သာ လိုအပ်၊ အခြားခံစားခွင့်များ မပါဝင်" ဟူ၍ ခေါင်းစဥ်တပ်ထားပါသည်။

အပြန်အလှန် ထိန်းကျောင်းသည့်စနစ် အသက်ဝင်စေရေးနှင့် ဥပဒေပြုလုပ်ငန်းစဥ် မြန်ဆန်သွက်လက်ရေးအတွက်သာ ဖြစ်ပြီး ဘဏ္ဍာရေးအကုန်အကျနှင့် အထူးအခွင့်အရေးပေးရန် မလိုသည်ကို သတိပြုရန် လိုပါသည်ဟူ၍လည်း ခပ်တင်းတင်း ရေးတာ ဖတ်ရပါသည်။

ကိုယ်စားလှယ်တစ်ဦးကတော့ဖြင့် "ကိုယ့်ပြည်သူ့လွှတ်တော် ဥပဒေလေးတောင် မကာကွယ်နိုင်ဘူးဆိုရင် ကျွန်တော်တို့ ကျမ်းကျိန်ထားတဲ့ဟာ ကျမ်းစူးသေရုံပဲ ရှိတော့မပေါ့" ဟူ၍ နာနာကျင်ကျင် ပြောပါသည်။ အများပြည်သူ အကျိုးအလို့ငှာ ဖြစ်ပါက မည်သူတစ်စုံတစ်ဦးကိုမှ ကျမ်းမစူးစေလိုပါ။ အသက်အန္တရာယ်လည်း မရှိစေလိုပါ။

## (၃)

မကြာသေးမီက ၂၀၁၁ ခုနှစ် ဥပဒေများစာအုပ်ကို စာပေဗိမာန် အရောင်းဆိုင်တစ်ခုမှ ဝယ်ယူရရှိခဲ့ပါသည်။ ပြည်ထောင်စုအဆင့် ပုဂ္ဂိုလ်များ၏ ချီးမြှင့်ငွေ၊ စရိတ်နှင့် အဆောင်အယောင်များဆိုင်ရာ ဥပဒေကို စိတ်ဝင်စားသဖြင့် အသေအချာ ဖတ်ပါသည်။

ထို့နောက် မိတ်ဆွေ လွှတ်တော်အမတ်တစ်ဦးထံသို့ ဆက်သွယ်လျက် "ခင်ဗျားတို့ လွှတ်တော်ရေးရာကော်မတီတွေ ဖွဲ့စည်းတဲ့ အမိန့်ရှိလား၊ ရှိရင် ကျွန်တော် ကြည့်လို့ရမလား" မေးပါသည်။ မိတ်ဆွေက "ဘာဖြစ်လို့လဲ" ဟု မေးပါသည်။

"သြော်... အဲဒီကော်မတီတွေ ဖွဲ့စည်းတဲ့ အမိန့်ကြော်ငြာစာမှာ ပြည်ထောင်စုအဆင့် ပုဂ္ဂိုလ်များရဲ့ ခံစားရရှိပိုင်ခွင့်တွေကို မခံစားရပါဘူးလို့ ပါ၊ မပါ သိချင်လို့ပါ"။

မိတ်ဆွေသည် ခဏ အသံတိတ်သွားခဲ့ပြီး "အဲဒီလိုတော့ မပါဘူးဗျ၊ ခင်ဗျားသိချင်ရင် မြန်မာနိုင်ငံ ပြန်တမ်းတွေမှာ ပါလိမ့်မယ်၊ ရှာကြည့်ပါလား" ဟု ဆိုပါသည်။ လောလောဆယ် ပြန်တမ်းရှာဖို့ မလွယ်လို့ပါဟု ပြောတော့မှ မိတ္တူကူး၍ ပေးရန် သဘောတူခဲ့ပါသည်။ "တစ်ခုတော့ ရှိတယ်ဗျ၊ ကျွန်တော်တို့ ကော်မတီတွေ ပြည်ထောင်စုအဆင့် ဟုတ်၊ မဟုတ် အငြင်းပွားကြတာက ပြည်ထောင်စုအဆင့်ပုဂ္ဂိုလ်တွေရဲ့ အခွင့်အရေးတွေကို လိုချင်လို့ မဟုတ်ဘူးနော်" ဟု ပြောလိုက်ပါသေးသည်။ ကျွန်တော် ယုံပါသည်။ ကျွန်တော့်မိတ်ဆွေသည် လောဘသက္ကာယ အလွန်နည်းသည့် လွှတ်တော်အမတ်တစ်ဦး ဖြစ်သောကြောင့် ဖြစ်ပါသည်။ မိတ်ဆွေထံမှ ရရှိသော လွှတ်တော်က ကော်မတီဖွဲ့စည်းသည့် အမိန့်ကြော်ငြာစာ ၇ ခုခန့်ကို ဖတ်ကြည့်ပါသည်။ အပိုဒ် ၁ တွင် လွှတ်တော်ဆိုင်ရာ ဥပဒေအရ ကိုယ်စားလှယ် ၁၅ ဦးဖြင့် ဖွဲ့စည်းလိုက်ကြောင်း၊ အပိုဒ် ၂ တွင် ပြည်ထောင်စုအဆင့် အဖွဲ့အစည်း သတ်မှတ်ကြောင်း တွေ့ရပါသည်။

အမိန့်ကြော်ငြာစာများ၏ အပိုဒ် ၁၀ တိုင်းတွင် အောက်ပါအတိုင်း ဖော်ပြထားပါသည်။ "ကော်မတီ၏ ရပိုင်ခွင့်နှင့် အခွင့်အရေးများ" ကော်မတီဝင်များသည် လွှတ်တော်ကိုယ်စားလှယ်များ ဖြစ်သည့်အားလျော်စွာ ကော်မတီလုပ်ငန်းတာဝန်ကို ဆောင်ရွက်ရန်ဖြစ်စေ၊ ကော်မတီအစည်းအဝေး တက်ရောက်ရန် ဖြစ်စေ၊ ကော်မတီရုံးစိုက်ရာဒေသတွင် ရောက်ရှိနေစဉ်၌ လည်းကောင်း၊ တာဝန်အရ ခရီးသွားရာ၌လည်းကောင်း၊ ယင်းတို့နှင့် သက်ဆိုင်သည့် ချီးမြှင့်ငွေနှင့် စရိတ်

များဆိုင်ရာဥပဒေပါ ရပိုင်ခွင့်များကို ခံစားခွင့်ရှိသည့်အပြင် လွှတ်တော်က သတ်မှတ်သည့် ရပိုင်ခွင့်များကိုလည်း ခံစားခွင့်ရှိသည်။

အပိုဒ် ၁၀ က ရည်ညွှန်းသည့် "ချီးမြှင့်ငွေနှင့် စရိတ်များဆိုင်ရာ ဥပဒေ" ဆိုသည်မှာ အထက်တွင် ဆိုခဲ့သည့် "ပြည်ထောင်စုအဆင့် ပုဂ္ဂိုလ်များ၏ ချီးမြှင့်ငွေ၊ စရိတ်နှင့် အဆောင်အယောင်များဆိုင်ရာ ဥပဒေ" ပင် ဖြစ်နိုင်သည်ဟု ယူဆရပါသည်။

အဆိုပါ ဥပဒေအခန်း ၂ တွင် နိုင်ငံတော်သမ္မတ၊ ဒုတိယသမ္မတနှင့် လွှတ်တော်နှစ်ရပ်၏ ဥက္ကဋ္ဌ၊ ဒုတိယဥက္ကဋ္ဌများအပါအဝင် ပြည်ထောင်စုအဆင့်တွင် အငယ်ဆုံးပုဂ္ဂိုလ်များဖြစ်သော ဒုတိယဝန်ကြီး အဆင့် အတန်းအထိရှိ ပုဂ္ဂိုလ်တို့၏ ချီးမြှင့်ငွေများကို ဖော်ပြထားပါသည်။ လစဉ်အများဆုံး ချီးမြှင့်ငွေမှာ ကျပ်သိန်း ၅၀ ဖြစ်ပြီး အနည်းဆုံးချီးမြှင့်ငွေမှာ ကျပ်သိန်း ၂၀ ဖြစ်ပါသည်။

သို့သော် အဆိုပါပြည်ထောင်စုအဆင့် ပုဂ္ဂိုလ်များသည် အဆိုပါ ဥပဒေပါ ချီးမြှင့်ငွေများကို ခံစားရယူခြင်းမပြုဘဲ ယခင်အတိုင်းသာ ခံစားရယူမည်ဖြစ်ကြောင်း သမ္မတကြီးကိုယ်တိုင် တိုင်းပြည်ကို အသံပေးကြေညာခဲ့သည်ကို မှတ်မိနေပါသည်။ ရရှိခံစားပိုင်ခွင့်ကို မချမ်းသာနိုင်သေးသော နိုင်ငံတော်၏ မျက်နှာကို ငဲ့လျက် "လျှော့နည်းခံစား" ခဲ့သည့်အတွက် ကျွန်တော်တို့က ကျေးဇူးတင်ပါသည်။ ထိုဥပဒေကို မလိုက်နာခဲ့ခြင်းအတွက် ကျမ်းစူးလိမ့်မည်ဟုလည်း မထင်မြင်ပါ။ ကျန်းမာရေးပင် ပို၍ ကောင်းမွန်နိုင်ပါသည်။

ထိုဥပဒေအခန်း ၃ တွင် ပြည်ထောင်စုအဆင့်ပုဂ္ဂိုလ်များ၏ တည်းခိုနေထိုင်စရိတ်၊ စားသောက်စရိတ်နှင့် ခရီးစရိတ်များကို မည်သို့ ခံစားနိုင်ကြောင်း ဖော်ပြထားပြီး အခန်း ၄ တွင်မူ "အဆောင်အယောင်" များကို

ဖော်ပြထားပါသည်။

အဆောင်အယောင်များ (Facilities) ပြဋ္ဌာန်းချက်ပါ ပြည်ထောင်စုအဆင့်တွင် အငယ်ဆုံးဟု ဆိုနိုင်သည့် ပုဂ္ဂိုလ်တစ်ဦးသည် နေအိမ်အခမဲ့၊ လျှပ်စစ်မီး၊ ရေ၊ တယ်လီဖုန်း သုံးစွဲခွင့်၊ ပြည်တွင်းဆေးကုသခွင့် အခမဲ့၊ ကိုယ်ရေးအရာရှိ၊ အိမ်အကူ၊ ဥယျာဉ်မှူး၊ မော်တော်ကား ၃ စီးနှင့် တစ်လလျှင် စက်သုံးဆီဂါလန် ၁၈၀ စသော ခံစားခွင့် အဆောင်အယောင် ၁၃ မျိုး ရရှိနိုင်ပါမည်။ စက်သုံးဆီတစ်မျိုးတည်းအတွက်ပင်လျှင် တစ်ဂါလန် ၃၅၀၀ ကျပ်ဖြစ်သဖြင့် ဆီဂါလန် ၁၈၀ အတွက် တစ်လလျှင် ငွေကျပ် ၆၃၀,၀၀၀ ကို နိုင်ငံတော်က ပေးရပါမည်။

ဒုတိယဝန်ကြီးအဆင့်မှ နိုင်ငံတော်သမ္မတအထိ၊ ပြည်ထောင်စုအဆင့်အဖြစ် အငြင်းမပွားခဲ့သော ပုဂ္ဂိုလ် ၁၀၀ ခန့် ရှိမည်ဆိုလျှင် တစ်လလျှင် နိုင်ငံတော်မှ ကျခံရမည့် ဆီဖိုးချည်း ကျပ်သိန်းပေါင်း ၆၃၀ ရှိပါလိမ့်မည်။ အဆိုပါပုဂ္ဂိုလ် ၁၀၀ တို့ လုပ်ငန်းဆောင်တာများကို အပြန်အလှန် ထိန်းကျောင်းမှု (Check and Balance) ပြုနိုင်ရန်အတွက် လွှတ်တော်ကိုယ်စားလှယ် ၆၀၀ ခန့်တို့ကို ပြည်ထောင်စုအဆင့် သတ်မှတ်၍ "ဆိုင်ရာဥပဒေပါ ရပိုင်ခွင့်များကို ခံစားခွင့်" ထပ်မံပေးရဦးမည်ဆိုလျှင် လစဉ် ဆီဖိုးချည်း ကျပ်သိန်းပေါင်း ၃၇၈၀ ထပ်မံ ကုန်ကျနိုင်ပါသည်။

ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌထံသို့ နိုင်ငံတော်သမ္မတ ပေးပို့ခဲ့သည့် ဩဂုတ်လ ၂၀ ရက် သဝဏ်လွှာတွင် "အဆိုပါ ကော်မတီ၊ ကော်မရှင်နှင့် အဖွဲ့တို့သည် ပြည်ထောင်စုအဆင့် အဖွဲ့အစည်းများ ဖြစ်လာပါက ပြည်ထောင်စုအဆင့်နှင့် လျော်ညီသည့် ငွေကြေးကိစ္စများနှင့် အုပ်ချုပ်ရေးဆိုင်ရာ ကိစ္စရပ်များကို မိမိတို့ အစိုးရအဖွဲ့အနေဖြင့် စီမံဆောင်ရွက်

ပေးရန် တာဝန်ရှိလာမည် ဖြစ်ပါသည်" ဟူ၍ ပါရှိသည်ကို သတိပြုမိပါသည်။

ထိုသဂဏ်လွှာပါ "ငွေကြေးနှင့် အုပ်ချုပ်ရေးဆိုင်ရာ ကိစ္စရပ်များ" ဆိုသည်မှာ လစဥ္ဓ ဆီဖိုးချည်း ကျပ်သိန်းပေါင်း ၃၇၈၀ ပါဝင်သော ငွေကုန်ကြေးကျ ကိစ္စရပ်များကို ဆိုလိုသလောဟု စဥ်းစားရန် ရှိပါသည်။ ဤအချက်ကြောင့်ပင်လျှင် ပြည်ထောင်စုအဆင့်နှင့် စပ်လျဥ်းသည့် တင်သွင်းလွှာကိစ္စ ပေါ်ပေါက်ခဲ့လေသလောဟု စဥ်းစားရန် ရှိပါသည်။

နိုးကြားတက်ကြွလျက်ရှိကြသော လွှတ်တော်ကိုယ်စားလှယ် (အချို့) တို့အနေဖြင့် ဂျာနယ်အယ်ဒီတာ၏ ခေါင်းစီးတွင် ပါရှိသကဲ့သို့ "ပြည်ထောင်စုအဆင့် သတ်မှတ်ချက် တစ်ရပ်အဖြစ်သာ လိုအပ်၊ အခြား ခံစားခွင့်များ မပါဝင်" ဟူ၍ ယခုအထိ ပြည်သူသို့ အတိအလင်း ကြေညာခြင်း မပြုသေးသည်ကိုလည်း သတိပြုမိပါသည်။

ခုံရုံးဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များကို စွပ်စွဲပြစ်တင်ခြင်း ပြုလိုက ပြုနိုင်ပါသည်။ ယင်းတို့သည် မဲဆန္ဒရှင်များက တိုက်ရိုက်ရွေးကောက်တင်မြှောက်ထားသော ပုဂ္ဂိုလ်များ မဟုတ်ဘဲ၊ ဖွဲ့စည်းပုံအခြေခံဥပဒေအရ ပြည်ထောင်စုလွှတ်တော်က အတည်ပြုခဲ့သော ပုဂ္ဂိုလ်များသာ ဖြစ်ပါသည်။

နုတ်ထွက်စေသည် ဖြစ်စေ၊ စွပ်စွဲပြစ်တင်ခြင်းပြု၍ တာဝန်မှ ရပ်စဲသည် ဖြစ်စေ၊ အများပြည်သူ အကျိုးငှာ ဖြစ်ရန်သာ လိုပါသည်။ အများပြည်သူအကျိုးငှာ ဆိုပါက မည်သည့်ကိစ္စမဆို ဝမ်းမြောက်ရမည်သာ ဖြစ်ပါသည်။

ပြည်သူတို့၏ တိုက်ရိုက်မဲဆန္ဒဖြင့် ရွေးကောက်တင်မြှောက်ခဲ့သူများ

မှာ လွှတ်တော်အသီးသီးမှ ကိုယ်စားလှယ်များပဲ ဖြစ်ပါသည်။ လွှတ်တော်ကိုယ်စားလှယ်အသီးသီးသည် မဲဆန္ဒရှင် ပြည်သူတို့က တိုက်ရိုက်ရွေးကောက် တင်မြှောက်ခဲ့သူများ ဖြစ်သည့် အားလျော်စွာ မေးခွန်းမေးခြင်း၊ အဆိုတင်ခြင်း ဆွေးနွေးအဖြေရှာခြင်း၊ ကန့်ကွက်ခြင်း၊ စွပ်စွဲပြစ်တင်ခြင်း၊ ဆုံးဖြတ်ခြင်း၊ ဥပဒေပြုခြင်း ဟူသမျှတို့သည် "အများပြည်သူအကျိုးငှာ" သာ ဖြစ်သင့်ပါသည်။ နိုင်ငံတော်အကျိုးငှာသာ ဖြစ်သင့်ပါသည်။ နိုင်ငံတော်၏ မျက်နှာကိုသာ ကြည့်ရပါမည်။

လူကြီးမင်းများအနေဖြင့် ခမ်းနားသော ဤလွှတ်တော်ကြီးအတွင်းသို့ ရောက်ရှိလျက် လွတ်လပ်စွာ ပြောဆိုခွင့်၊ ဆွေးနွေးခွင့်တို့ကို ရရှိနိုင်ရန်အတွက် နိုင်ငံနှင့် ပြည်သူတို့သည် အဘယ်မျှ ခက်ခဲပင်ပန်းသော ခရီးကြမ်းကြီးကို ဖြတ်သန်းလျှောက်ခဲ့ရကြောင်း မမေ့မလျော့ ရှိကြလိမ့်မည်ဟု ယုံကြည်မျှော်လင့်ပါသည်။

**[အမှတ် (၁၆)၊ ၃၀ ဩဂုတ်၊ ၂၀၁၂။**
**Myanmar Independent ဂျာနယ်]**

*

# ဆိုကရေးတီးနဲ့ ခရီးသွားသူများ

ပထမအကြိမ် လွှတ်တော်အဆင့်ဆင့်ရဲ့ သက်တမ်းဟာ ၃၁-၁-၂၀၁၁ ရက်က စ ရေတွက်ရင် ၃၁-၇-၂၀၁၂ ရက်မှာ ၁၈ လ ရှိခဲ့ပြီး သက်တမ်း တစ်ခုလုံးရဲ့ ၃၀ ရာခိုင်နှုန်းကို ဖြတ်သန်းကျော်နင်းခဲ့ပြီ ဖြစ်ပါတယ်။

ကျွန်တော်တို့က ဆန္ဒမဲပေး ရွေးကောက်လိုက်တဲ့ ကိုယ်စားလှယ် တွေဟာ သူတို့ရဲ့ အဓိကတာဝန် ဖြစ်တဲ့ နိုင်ငံရဲ့ ပြည်သူ့အကျိုးပြု ဥပဒေ တွေကို ဘယ်လောက် ပြဋ္ဌာန်းပေးနိုင်ခဲ့သလား။ မေးခွန်းနဲ့ အဖြေတွေ ဟာ တကယ်ပဲ အကျိုးရှိစွာ သက်ရောက်ခဲ့သလား။ မသိလို့ မရှင်းလို့ မေးတာမြန်းတာ (မြေစမ်း ခရမ်းပျိုး) လုပ်တဲ့အခြေအနေတွေကို လွန်မြောက် ဖြတ်ကျော်ခဲ့ပြီလား။ ဘာတွေလုပ်ခဲ့ပြီးပြီလဲ။ ဘာတွေလုပ် ဖို့ ကျန်နေသေးလဲ။ ဒီသက်တမ်းမှာ အတော်အတန်မှ ခရီးပေါက်ပါ့မ လား။

ကျွန်တော်တို့ မဲဆန္ဒရှင်တွေဟာ ‘ဂန်ထွက်ပြည်တည်’ တာကို တစ်ရေးတစ်မောအိပ်ပြီး စောင့်တဲ့အထိ စောင့်စားဖို့ ကျင့်သားရခဲ့သူ တွေ ဖြစ်တာ သေချာဆဲပါ။ ဘာပဲဖြစ်ဖြစ် ဒီမိုကရေစီဂဏသဘင်လို့ ခေါ်လိုက ခေါ်နိုင်တဲ့ လွှတ်တော်ထဲက အသံတွေဟာ တဖြည်းဖြည်း ဆွဲ ဆောင်မှု ရှိလာခဲ့ပါတယ်။ စကားလုံးတွေ၊ အလင်္ကာအပြောက်အမွမ်း တွေ နည်းနိုင်သမျှ နည်းလာတာနဲ့အမျှ အများပြည်သူရဲ့ စိတ်ဝင်စားမှု ကို ညို့ဖမ်းယူ နိုင်လိမ့်မယ် ။

စတုတ္ထအစည်းအဝေး ၁၄ ရက် မြောက်မှာတော့ဖြင့် မဲဆန္ဒရှင်တို့ ခေါင်းထောင် ကြည့်လောက်တဲ့ အဆိုတစ်ခု တင်သွင်းလာတာ တွေ့ရပါ တယ်။

ပြည်ထောင်စု အစိုးရအဖွဲ့မှာ တာဝန်ပေးအပ်ခံရသူများရဲ့ ရွှေ့ပြောင်း နိုင်တဲ့ ပစ္စည်း၊ မရွှေ့ပြောင်း နိုင်တဲ့ပစ္စည်းနဲ့ အကျိုးစီးပွား တွေကို ကြေညာလျက် မှတ်တမ်းတင်ရန်ဆိုတဲ့ 'အဆို' ပဲ ဖြစ်ပါတယ်။ ပိုပြီး စိတ်လှုပ်ရှားရင်ခုန်စရာကောင်းတာက အဲဒီအဆိုကို လွှတ်တော် ထဲမှာ ဝိုင်းဝန်း ဆွေးနွေးမှု မပြုမီမှာပဲ နိုင်ငံတော်သမ္မတကြီးက သူ့ရဲ့ ပြည်ထောင်စုအစိုးရအဖွဲ့ဝင်တွေနဲ့ အုပ်ချုပ်ရေးအာဏာကိုင်စွဲ တာဝန် ယူသူတို့ သာမက တရားစီရင်ရေး တာဝန်ယူရသူတို့ကိုပါ ဩဂုတ် ၁ ရက် နောက်ဆုံးထားပြီး ပိုင်ဆိုင်မှု စာရင်း တင်သွင်းကြေညာဖို့ အမိန့် ထုတ်ပြန်လိုက်တာပဲ ဖြစ်ပါတယ်။ (အချုပ်အခြာ အာဏာ သုံးရပ် အနက် အာဏာ နှစ်ရပ် ကိုင်စွဲသူတို့ကို အမိန့်ပေးလိုက်တဲ့ အဓိပ္ပါယ်ပါ ပဲ။)

ဆွေးနွေးအဖြေရှာတဲ့ ဩဂုတ် ၈ ရက်ကို ရောက်ခဲ့ပါပြီ။ ဆွေးလည်း ဆွေးနွေးခဲ့ပါတယ်။ အဖြေလည်း ရှာခဲ့ပါတယ်။ ဒီမိုကရေစီထုံးနည်းတ ကျ အဖြေရှာခဲ့တာပဲ ဖြစ်ပါတယ်။

ဆွေးနွေးမှုတွေ ကောင်းမွန်တဲ့အပြင် စိတ်ဝင်စားဖွယ်ကောင်းလှတဲ့ အဆိုတစ်ရပ်လည်း ဖြစ်ကြောင်း၊ အဆိုကို မဆုံးရှုံးစေလိုတဲ့အတွက် မှတ်တမ်းတင်ထားပြီး လွှတ်တော်က စောင့်ကြည့်ဖို့ လိုမယ်ယူဆ ကြောင်းကို ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌကြီးက ပြောဆိုလိုက်ပါတယ်။

အဲဒီပြောဆိုချက်ဟာ ပြည့်သူ့လွှတ်တော် ဥက္ကဋ္ဌကိုယ်တိုင်က စိတ်ဝင်စားဖွယ်ရာ အဆိုတစ်ရပ် အပေါ် အများပြည်သူတို့နဲ့ ထပ်တူ

လေးနက်တယ်၊ တန်ဖိုးထားတယ်လို့ အဓိပ္ပါယ်သက်ရောက်မယ် ထင်ပါတယ်။

'ပြည်သူ့အသံ လွှတ်တော်အသံ၊ ပြည်သူ့ဆန္ဒ လွှတ်တော်ဆန္ဒ' ဆိုတဲ့ Slogan အပေါ် တိမ်းညွှတ် စရာပဲ ဖြစ်ပါတယ်။

သတင်းစာနဲ့ ဂျာနယ်တို့မှာ ပုံနှိပ်ဖော်ပြချက်တွေအရ အဆိုကို အကြွင်းမဲ့ ထောက်ခံသူတို့ ရှိသလို ပြန်လည်သုံးသပ်သင့်ကြောင်း၊ ဖွဲ့စည်းပုံ အခြေခံ ဥပဒေပြဋ္ဌာန်းချက်ကို ကျော်လွန်နေတဲ့အကြောင်း ဥပဒေအမြင်နဲ့ ထောက်ပြဝေဖန်သူတို့လည်း ရှိပါသည်။

ထောက်ခံသူတို့က ခုလို ကြေညာခြင်းကြောင့် အစိုးရအပေါ် ပြည့်သူလူထုရဲ့ ယုံကြည်မှု ပိုပြီး ရရှိလိမ့်မယ်။ နိုင်ငံတကာရဲ့ လေးစားမှုရနိုင်ပြီး သန့်ရှင်းတဲ့ ခေါင်းဆောင်တွေ ပေါ်ထွန်းလာမယ်။ ဒီမိုကရေစီ ကူးပြောင်းတဲ့ နိုင်ငံတိုင်းမှာ ဖြေရှင်းဖို့ အခက်ခဲဆုံးပြဿနာဟာ အဂတိလိုက်စားမှုနဲ့ အကျင့်ပျက် ခြစားမှု ဖြစ်တယ်။ သမ္မတကြီး ကိုယ်တိုင်ကလည်း တာဝန်ရှိ ပုဂ္ဂိုလ်တွေကို ပိုင်ဆိုင်မှုတင်ပြဖို့ ညွှန်ကြားပြီးဖြစ်တယ်။ အဂတိ နည်းပါးကြောင်း သက်သေပြချက်တစ်ခုဖြစ်တယ် စသည် စသည်ဖြင့် ဆွေးနွေးခဲ့ကြတာ တွေ့ရပါတယ်။

ပြန်လည်သုံးသပ်သင့်ကြောင်း တင်ပြသူတို့က ဖွဲ့စည်းပုံ အခြေခံ ဥပဒေပုဒ်မ ၆၈ မှာ နိုင်ငံတော်သမ္မတနဲ့ ဒုတိယသမ္မတများသာ ပြည်ထောင်စု လွှတ်တော်အကြီးအမှူးထံ ပိုင်ဆိုင်မှု စာရင်းပြုစုပေးပို့ရမှာ ဖြစ်ကြောင်း ပြဋ္ဌာန်းချက်ရှိတဲ့အတွက် ခုတင် သွင်းတဲ့အဆိုဟာ ဥပဒေကို ကျော်လွန်နေကြောင်း ထောက်ပြကြပါတယ်။

ကျွန်တော့်အနေနဲ့တော့ဖြင့် ပြည်ထောင်စု ရှေ့နေချုပ်ရဲ့ ဆွေးနွေးတင်ပြချက်ဟာ စိတ်ဝင်စားစရာ အကောင်းဆုံးနဲ့ ဆွဲဆောင်မှုအရှိဆုံး

ဖြစ်ခဲ့ပါတယ်။

ရှေ့နေချုပ်ကြီးက အခြေခံ ဥပဒေပုဒ်မ ၆၈ နဲ့ ပြည်ထောင်စု အစိုးရအဖွဲ့ ဥပဒေ ပုဒ်မ ၁၀၀၊ ၁၀၁ တို့ကို နှိုင်းယှဉ်သုံးသပ်ပြပါတယ်။ ပုဒ်မ ၁၀၀က အခြေခံဥပဒေနဲ့ ပြဋ္ဌာန်းထားခြင်း မရှိတဲ့ အချက်ဖြစ်တယ်လို့ ဆိုပါတယ်။ (ပုဒ်မ ၁၀၁ က လွှတ်တော်ရဲ့ အတည်ပြုချက်နဲ့ နိုင်ငံတော် သမ္မတက ခန့်အပ်တဲ့ ပုဂ္ဂိုလ်တို့ရဲ့ စီးပွားရေးလုပ်ငန်းနဲ့ ပိုင်ဆိုင်မှုတွေကို စာရင်းပြုစုပြီး နိုင်ငံတော်သမ္မတထံ ပေးပို့ရမယ်ဆိုတဲ့ အချက်ကို ပြဋ္ဌာန်းတာပါ။)

အခြေခံဥပဒေဟာ ပင်မဥပဒေဖြစ်တဲ့အတွက် (ဆင့်ပွားထားတဲ့) တည်ဆဲ ဥပဒေများဟာ အခြေခံ ဥပဒေနဲ့ မဆန့်ကျင်သမျှသာ အတည်ဖြစ်တဲ့အကြောင်းဥပဒေ အာဏာပိုင်သည်ပင်လျှင် ဖွဲ့စည်းပုံ အခြေခံဥပဒေက အသေအချာ ခွင့်ပြုထားတဲ့ ရည်ရွယ်ချက်အတိုင်း လိုက်နာပြဋ္ဌာန်းရကြောင်း၊ အခြေခံ ဥပဒေနဲ့ ညီညွတ်မှုမရှိခြင်း၊ ပြဋ္ဌာန်းဥပဒေတစ်ရပ် တရားမဝင်ဖြစ်နေခြင်းဟာ ဥပဒေနဲ့ ဆန့်ကျင်ကြောင်း၊ ဥပဒေမူသဘောလည်း ရှိကြောင်းနဲ့ အားလုံး မျှမျှတတ ဖြစ်စေဖို့နဲ့ all inclusive အားလုံး ပါဝင်နိုင်အောင် အချုပ်အခြာအာဏာကို အပြန်အလှန် ထိန်းကျောင်းတဲ့ ပုဂ္ဂိုလ်များအားလုံး၊ နိုင်ငံတော် သမ္မတ၊ ဒုတိယသမ္မတနဲ့ သမ္မတက ခန့်အပ်တဲ့ ပုဂ္ဂိုလ်များအပြင် ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌ၊ ဒုတိယဥက္ကဋ္ဌနဲ့ ကိုယ်စားလှယ်များ၊ အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ၊ ဒုတိယဥက္ကဋ္ဌနဲ့ ကိုယ်စားလှယ်များထံမှလည်း စီးပွားရေး လုပ်ငန်းနဲ့ ပိုင်ဆိုင်မှုစာရင်း ရယူရန် သင့်၊ မသင့် စဉ်းစားသင့်ပါကြောင်း။

*

ပါဝင်ဆွေးနွေးကြတဲ့ ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်များနဲ့ ပြည်ထောင်စု ရှေ့နေချုပ်တို့ဟာ နိုင်ငံကောင်းမွန်သန့်ရှင်းစေလိုတဲ့ စေတနာရှေ့ထားပြီး ဆွေးနွေးခဲ့ကြတယ်လို့ ယုံကြည်ပါတယ်။ အားရ ကျေနပ် စရာလည်း ကောင်းပါတယ်။

သို့သော် နိုင်ငံပိုင်သတင်းစာ ဖတ်ခဲ့ရသလောက် ပညာရှင်ပီပီ ကျွမ်းကျင်ပါးနပ်စွာ ဆွေးနွေးခဲ့တဲ့ ပြည်ထောင်စုရှေ့နေချုပ်ရဲ့ ဥပဒေ ဆိုင်ရာ အကောက်အယူ အချို့ကို စဉ်းစားကြည့်ချင်စရာ တွေ့ရပါ တယ်။

ပထမတစ်ချက် ဖွဲ့စည်းပုံ အခြေခံဥပဒေပုဒ်မ ၆၈ မှာ ပြဋ္ဌာန်းထား ခြင်း မရှိတဲ့အချက်ကို ပြည်ထောင်စု အစိုးရအဖွဲ့ ဥပဒေပုဒ်မ ၁၁ မှာ ပြဋ္ဌာန်းခဲ့တာဟာ အခြေခံဥပဒေနဲ့ ညီညွတ်မှုရှိ၊ မရှိ သို့မဟုတ် ဆန့်ကျင် ရာရောက်၊ မရောက် ဆိုတဲ့အချက်ပဲ ဖြစ်ပါတယ်။ ပြည်ထောင်စု ရှေ့နေချုပ်က 'ပင်မဥပဒေ' လို့ ဆိုခဲ့တဲ့ ဖွဲ့စည်းပုံအခြေခံဥပဒေနဲ့ 'ဆန့် ကျင်' နေတဲ့ မည်သည့်ဥပဒေမဆို ဥပဒေတစ်ရပ်အဖြစ် မရပ်တည်နိုင် ဘူးဆိုတာကို ဘယ်သူမှ အငြင်းမပွားနိုင်ပါဘူး။

သို့သော် ဖွဲ့စည်းပုံ အခြေခံဥပဒေဆိုတာ ' အခြေခံဥပဒေ' ဖြစ်တဲ့ အတွက် အချို့သော ကိစ္စရပ်တွေမှာ အသေးစိတ် ပြဋ္ဌာန်းဖော်ပြဖို့ မဖြစ် နိုင်ပါဘူး။ ဥပမာ ပုဒ်မ ၃၅၈မှာ 'နိုင်ငံတော်သည် ကျေးကျွန်ပြုမှုနှင့် လူ ကုန်ကူးမှုကို တားဖြစ်တယ် လို့ပဲ ဖော်ပြဋ္ဌာန်းပါတယ်။' ပုဒ်မပေါင်း ၃၈ ခုပါဝင်တဲ့ "လူကုန်ကူးမှု တားဆီးကာကွယ်ရေးဥပဒေ" ကျမှ အသေးစိတ် ပြဋ္ဌာန်းရတာဖြစ်ပြီး၊ အနည်းဆုံးထောင်ဒဏ် ၁၀ နှစ်မှ အများဆုံး ထောင်ဒဏ် တစ်သက်အထိ ချမှတ်နိုင်တယ်ဆိုတဲ့ ပုဒ်မ ၂၄ပြဋ္ဌာန်းချက်ဟာ အခြေခံဥပဒေမှာ မပါရှိခဲ့တဲ့အတွက် အခြေခံဥပဒေ

နဲ့ မညီညွတ်သို့မဟုတ် ဆန့်ကျင်တယ်လို့ မကောက်ယူနိုင်ဘူးထင်ပါတယ်။ ဖွဲ့စည်းပုံ အခြေခံဥပဒေပုဒ်မ ၃၈၉ မှာ နိုင်ငံသားတိုင်းသည် ဥပဒေအရ ပေးဆောင်ရမည့် အခွန်အကောက်များကို ပေးဆောင်ရန် တာဝန်ရှိသည်။ လို့ပဲ ပြဋ္ဌာန်းပါတယ်။ သို့သော် အမြတ်ခွန်ဥပဒေ၊ ဝင်ငွေခွန်ဥပဒေတို့မှာ ပါရှိတဲ့ အချက်တွေအားလုံးကို လိုက်နာကြရပါတယ်။

အသေးစိတ်မပါရှိခြင်းကို မညီညွတ်ခြင်းလို့ တထစ်ချမဆိုနိုင်သလို မညီညွတ်သော်မှ ဆန့်ကျင်ကြောင်း အခါခပ်သိမ်း ကောက်ယူမရနိုင်ဘူးလို့ ယူဆမိပါတယ်။ တစ်အိမ်တစ်ယောက် ဥပုသ်စောင့်ရမယ်လို့ ရွာသူကြီး က အမိန့်ထုတ်ခဲ့ရာမှာ တစ်အိမ်တည်းက နှစ်ယောက် သွားစောင့်တဲ့အတွက် သူကြီးအမိန့်ကို ဆန့်ကျင်ရာ မရောက်နိုင်ဘူးထင်ပါတယ်။ အခြေခံဥပဒေမှာ နိုင်ငံတော်သမ္မတနဲ့ ဒုတိယသမ္မတတို့က ပိုင်ဆိုင်မှုစာရင်း တင်ပြရမယ် ဆိုတဲ့ ပြဋ္ဌာန်းချက် ရှိရာမှာ လွှတ်တော်အတည်ပြုချက်နဲ့ သမ္မတကခန့်အပ်တဲ့ အုပ်ချုပ်ရေးဆိုင်ရာ ပုဂ္ဂိုလ်များရော၊ တရားစီရင်ရေးဆိုင်ရာ တာဝန်ယူရတဲ့ ပုဂ္ဂိုလ်တို့ပါ ပိုင်ဆိုင်မှုစာရင်း တင်ပြတာဟာ ဥပဒေနဲ့ ဆန့်ကျင်ရာ မရောက်ဘူး ထင်ပါတယ်။ အချုပ်အခြာအာဏာရဲ့ ခက်မသုံးဖြာအနက် ကျန်ရှိနေသေးတဲ့ ဥပဒေပြုအာဏာပိုင်တို့ပါ သူတို့ရဲ့ ပိုင်ဆိုင်မှုစာရင်းကို တင်ပြမယ်ဆိုရင် (ဥပဒေပြဋ္ဌာန်းချက် မရှိတဲ့တိုင်) ဥပဒေကို ဆန့်ကျင်ရာ မရောက်ဘူး ထင်ပါတယ်။ ခုအခါ (Crony) ခရိုနီလို့ ပြောပြောနေတဲ့ လူချမ်းသာ သူဌေးကြီးများက သူတို့ရဲ့ ပိုင်ဆိုင်မှုစာရင်းကို တင်ပြလာရင်တောင်မှ (တင်ပြတဲ့အကြောင်း ကြောင့်တော့ဖြင့်) အပြစ်ပေးလို့ မရဘူးထင်ပါတယ်။

ပိုင်ဆိုင်မှုကို မတင်ပြရဘူးဆိုတဲ့ ဥပဒေတားမြစ်ချက် မရှိလို့ဘဲ ဖြစ်ပါတယ်။

*

ဘာပဲဖြစ်ဖြစ် ဒီမိုကရေစီ ထုံးနည်းတကျ မဲခွဲဆုံးဖြတ်လို့ ထွက်ပေါ်လာတဲ့ အဖြေရလဒ်ကို အားလုံး လက်ခံကြရမှာပဲ ဖြစ်ပါတယ်။ မဲခွဲဆုံးဖြတ်တဲ့အခါ ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌ ပြောသလို စိတ်ဝင်စားဖွယ်ကောင်းတဲ့အဆို တစ်ခု ဆုံးရှုံးခဲ့ပါတယ်။

ပုံပြင်လေး တစ်ပုဒ်ရှိတယ်။

တစ်ခါက သူခိုးဓားပြတို့ ထူပြောတဲ့ လမ်းကိုဖြတ်ပြီး ခရီးအတူသွားရမယ့် ဆိုကရေးတီးကို ခရီးဖော် သူကြွယ်ကြီးက ကျွန်တော့်ကို သိသွားရင် ဒုက္ခပါပဲ လို့ ပြောသတဲ့။ ဆိုကရေးတီးကလည်း ကျုပ်ကိုတော့ သူတို့ မသိမှာဘဲစိုးတယ် လို့ ပြောလိုက်သတဲ့။

လူအများနဲ့ ခရီးသွားနေကြရဦးမှာပါ။ သိစေချင်တဲ့သူနဲ့ မသိစေချင်တဲ့သူတွေကိုလည်း ကျွန်တော်တို့ တွေ့နေကြရဦးမှာပဲ ဖြစ်ပါတယ်။

**[အမှတ် (၁၈)၊ ၁၃၊ စက်တင်ဘာ၊ ၂၀၁၂။**
**Myanmar Independent ဂျာနယ်]**

*

## လင်းနို့ခွန်ကောက်လျှင် ကြွက်၊ ကြွက်ခွန်ကောက်လျှင် လင်းနို့

'ရန်ကုန် တရားစီရင်ရေးက ယိမ်းယိုင်နေပြီး၊ မန္တလေး တရားစီရင်ရေးက မြေပေါ်သို့ ပြိုကျနေ ကြောင်း၊ တရားသူကြီး အတော်များများကို ထောင်ထဲပို့မှ တရားစီရင်ရေးစနစ်ကို ပြုပြင်လို့ရမည် ဖြစ် ကြောင်း' တရားလွှတ်တော် ရှေ့နေတစ်ဦးက ပြောင်ပြောင်တင်းတင်း စွပ်စွဲ ပြောဆိုလိုက်ပါ သည်။

'တယ်ဟုတ်တဲ့ ရှေ့နေကြီးပဲ' ဟု လက်ခေါက်မှုတ်သူတို့ ရှိသကဲ့သို့ 'ရှေ့နေတစ်ယောက်က ဒီလို ပြောခွင့်ရှိသလား' ဟု မေးခွန်းထုတ်သူတို့ လည်း ရှိပါသည်။ ရှေ့နေအဖြစ် တရားရုံးများတွင် အမှုလိုက်ပါ ဆောင်ရွက်နေသူက ထိုသို့ ပြောဆိုလိုက်ခြင်းကြောင့် (Subordinate Court) လက်အောက် တရားရုံးများအပေါ် အဆိုပါရှေ့နေက မလျော်ဩဇာ လွှမ်းမိုးမှု တစ်ခုခုရှိမည်ကို စိုးရိမ်မကင်း ဖြစ်ကြသော ရှေ့နေရှေ့ရပ်တို့ လည်း ရှိခဲ့ကြပါသည်။

အဆိုပါရှေ့နေသည် ဒေါ်အောင်ဆန်းစုကြည် ဦးဆောင်သည့် တရားဥပဒေစိုးမိုးရေး ကော်မတီတွင် မကြာမီကမှ အဖွဲ့ဝင်အဖြစ် ပါဝင်သူဖြစ်ပြီး အမေရိကန်နိုင်ငံသို့ ဒေါ်အောင်ဆန်းစုကြည် ရောက်ရှိနေသည့် စက်တင်ဘာ စတုတ္ထပတ်တွင် ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ တရားရုံးအချို့သို့ သွားရောက်ခဲ့ပြီးနောက် The Nation ဂျာနယ်နှင့် တွေ့ဆုံရာတွင် ထိုသို့ စွပ်စွဲ ပြောဆိုလိုက်ခြင်း ဖြစ်ပါသည်။

တရားရုံးများသို့ ကော်မတီအနေဖြင့်လည်းကောင်း၊ ရှေ့နေအနေဖြင့်လည်းကောင်း၊ လွှတ်တော် ကိုယ်စားလှယ်အနေဖြင့်လည်းကောင်း သွားရောက်ဦးမည်ဖြစ်ကြောင်း အဆိုပါရှေ့နေက ပြောဆိုခဲ့သည့်အပြင် ရှေ့နေအဖြစ် အမှုလိုက်ပါခြင်းနှင့် ကော်မတီဝင်အဖြစ် ဆောင်ရွက်ခြင်းတို့ ဆန့်ကျင်နေခြင်းရှိ၊ မရှိ မီဒီယာများ၏ မေးမြန်းချက်ကိုလည်း အောက်ပါအတိုင်း ဖြေဆိုခဲ့ပါသည်။

'ဗိုလ်မှူးချစ်ကောင်းရဲ့ အနှစ် နှစ်ဆယ်စာအုပ်ကို ဖတ်ကြည့်ပါ။ လွှတ်တော်ကိုယ်စားလှယ်က ရှေ့နေဖြစ်နေရင် ဝန်ကြီး မဖြစ်မချင်း ရှေ့နေလိုက်လို့ရတယ်။ အမှုလိုက်တယ်ဆိုတာ လွှတ်တော်ကိုယ်စားလှယ် အဆင့်မှာ ဆောင်ရွက်ခွင့်ရှိတယ်'

ရှေ့နေဆိုတာ

Blacke's Law Dictionary တွင် ရှေ့နေ (Pleader) ကို A person who pleads in court on behalf of another ဟူ၍ ဖွင့်ဆိုရာ 'အခြားသူတစ်ပါးကိုယ်စား တရားရုံးတွင် လျှောက်လဲ တောင်းပန်သူ'ဟူ၍ ဆိုရပါမည်။ ဆိုင်ပြိုင်သော အမှုသည်တို့ကိုယ်စား ရုံးသို့ လာရောက်ရန်၊ လျှောက်ထားဆောင်ရွက်ရန် အမှုသည်က လက်မှတ်ရေးထိုး ခန့်အပ်ပါက အခကြေးငွေ ရယူ၍ အမှုလိုက်ပါခွင့်ရသူ ဖြစ်ပါသည်။

သို့ဖြစ်ရာ တရားရုံးများက အမှန်တရား ဖြစ်ထွန်းပေါ်ပေါက်ရန် ကူညီမည့် ရုံးအရာရှိတစ်ဦးအဖြစ် သဘောပိုက်စေကာမူ ရှေ့နေတို့သည် ယင်းတို့ကို ငှားရမ်းသော အမှုသည်၏ အကျိုးငှာ အမှုလိုက်ပါဆောင်ရွက်သူဖြစ်သည်မှာ မငြင်းသာနိုင်သောအချက်ပင် ဖြစ်ပါသည်။

လွှတ်တော်အမတ်နှင့် ရှေ့နေ

ဗိုလ်မှူးချစ်ကောင်း၏ အနှစ်နှစ်ဆယ်တွင် သေဒဏ်ထိုက်သင့်သော နိုင်ငံတော် သစ္စာဖောက်ဖျက် ပုန်ကန်မှုဖြင့် စွပ်စွဲခံရသော ဗိုလ်မှူးချစ်ကောင်းအတွက် လိုက်ပါဆောင်ရွက်ရန် ရှေ့နေကြီး ဒေါက်တာဧမောင်ကို အစိုးရက ငှားရမ်းပေးခဲ့ပါသည်။ ဒေါက်တာဧမောင်သည် အသက် ၂၃ နှစ်တွင် ကိန်းဘရစ်တက္ကသိုလ်မှ ဥပဒေဂုဏ်ထူးအောင်မြင်ပြီး အသက် ၂၈ နှစ်တွင် အချိန်ပိုင်း ဥပဒေကထိကအဖြစ် ဆောင်ရွက်ခဲ့ကာ 'မြန်မာဗုဒ္ဓဘာသာ ဓမ္မသတ်'(Burmese Buddhist Law) ကျမ်းကို ပြုစုခဲ့သူ ဖြစ်ပါသည်။ ဗိုလ်မှူးချစ်ကောင်း ၏အမှုကို လိုက်ပါဆောင်ရွက်စဉ်က ပြည်မဲဆန္ဒနယ်မှ လွှတ်တော်အမတ်ဖြစ်ပြီး နောင်အခါ ဦးနု၏ အစိုးရအဖွဲ့တွင် တရားရေးဝန်ကြီး ဖြစ်ခဲ့ပါသည်။

သို့သော် ထိုစဉ်က လွှတ်တော်အမတ်သည် ယခုကာလ လွှတ်တော်အမတ်တို့ကဲ့သို့ တစ်လလျှင် ငွေကျပ် ၃ သိန်းရခဲ့သူ မဟုတ်သဖြင့် လွှတ်တော်အမတ်နှင့် ရှေ့နေရှေ့ရပ်အဖြစ် တစ်ပြိုင်တည်း ဆောင်ရွက်နိုင်ခြင်း ဖြစ်ဖွယ်ရှိပါသည်။

ရှေ့နေအဖြစ် ဝင်ခွင့်ရပြီးသူသည် ကုန်သွယ်မှု သို့မဟုတ် အခြားစီးပွားရေး လုပ်ငန်းတစ်ခုခုတွင် ဝင်ရောက်လုပ်ကိုင်ပါက တရားရုံးချုပ်သို့ အကြောင်းကြားရမည်ဖြစ်ပြီး တရားရုံးချုပ်ရှေ့နေများ ဝင်ခွင့်နည်းဥပဒေများ ၁၁(၂)တွင် ပြဋ္ဌာန်းထားပါသည်။

ကုန်သွယ်မှု၊ အခြားစီးပွားရေးလုပ်ငန်း ဝင်ရောက်လုပ်ကိုင်သူကို ရှေ့နေအဖြစ် အမှုလိုက်ပါဆောင်ရွက် ခြင်း မပြုစေရန် 'ကန့်သတ်' လိုက်ခြင်းမှာ မိမိတို့ ငှားရမ်းသည့် အမှုသည်၏ အကျိုးအတွက် သို့မဟုတ် အမှန်တရားဖြစ်ထွန်းစေရေးအတွက် ရှေ့နေလုပ်ငန်းအပေါ်

စူးစိုက်မှုတွေ လျော့ပါးနိုင်သည့်ပြင် အခြား အကြောင်းများလည်း ရှိနိုင်သည်သာ ဖြစ်ပါသည်။

တစ်လတစ်ကြိမ် ပုံမှန်လစာ ရရှိသည့် တရားရုံး စာရေးစာချီနှင့် အရာထမ်းများထဲတွင် တရား လွှတ်တော်ရှေ့နေ လိုင်စင်ရထားသူ များစွာရှိပါလိမ့်မည်။ ထိုသို့ လစာရရှိသောအလုပ်နှင့်အတူ ရှေ့နေ အလုပ်ကို တစ်ပြိုင်တည်း လုပ်ခွင့်မရကြသည့် အကြောင်းများလည်း ရှိပါသည်။

တရားဥပဒေစိုးမိုးရေးကော်မတီနှင့် ရှေ့နေ

ယခင်ခေတ် ပါလီမန်တွင် တရားဥပဒေစိုးမိုးရေး ကော်မတီနှင့် တည်ငြိမ်အေးချမ်းရေး ကော်မတီဟူ၍ မရှိခဲ့သဖြင့် ယင်းကော်မတီဝင်တစ်ဦးသည် ရှေ့နေဖြစ်ပါကလည်း အမှုလိုက်ပါ ဆောင်ရွက်ခွင့်ရှိသည်ဟူ၍ သာဓက မပြနိုင်သည်မှာ သေချာလှပါသည်။

၂၀၀၈ ဖွဲ့စည်းပုံ အခြေခံဥပဒေ ပုဒ်မ ၁၁ (က) အရ ခက်မသုံးဖြာ (အချုပ်အခြာအာဏာ၏ မဏ္ဍိုင်သုံးရပ်) တို့ တတ်နိုင်သမျှ ပိုင်းခြားသုံးစွဲခြင်းနှင့် အပြန်အလှန် ထိန်းကျောင်းခြင်း ပြုရန်ဆိုပါက ယင်းကော်မတီတွင် ပါဝင်သူတစ်ဦးသည် တစ်ချိန်တည်းတွင် ရှေ့နေအဖြစ် အမှုလိုက်ပါ ဆောင်ရွက်ခြင်း 'မပြုသင့်' သည်မှာ မြင်သာသော အချက်ဖြစ်ပါသည်။

ရှေ့နေအဖြစ် အမှု လိုက်ပါဆောင်ရွက်ရန် တရားရုံးသို့ သွားရောက်မည်၊ တရားဥပဒေ စိုးမိုးရေးအဖွဲ့တွင် ပါဝင်သူ ကော်မတီအဖြစ်လည်း (သူ့အမှုများ စီရင်ကောင်း စီရင်နိုင်သည့်) တရားရုံးသို့ သွားရောက်စစ်ဆေး (လေ့လာ) မည်။ လိုအပ်ပါက တရားသူကြီးကို ဖိတ်ကြား၍

မေးမြန်းမည်။ လိုအပ်ပါက တရားသူကြီးများကို ထောင်ထဲပို့မှ ဖြစ်မည် ဟုလည်း ကြိမ်းဝါးခွင့် ရှိမည်ဆိုပါက အဆိုပါရှေ့နေနှင့် ယှဉ်ပြိုင်လျက် ရှိသော တစ်ဖက်အမှုသည်ခမျာ အဘယ်မျှ စိုးရိမ်မကင်းဖြစ် ရှာလိမ့် မည်နည်း။ တရားရုံးသည် ( undue influence) မလျော်သြဇာလွှမ်းမိုးမှု ကို ခံရမည်လော။ မိမိတို့အမှု ရှုံးနိမ့်ရခြင်းသည် မလျော်သြဇာ လွှမ်းမိုးမှု တစ်ခုခုကြောင့် ဖြစ်လေသလော။ တရားသူကြီးအချို့ကလည်း မိမိတို့ကို ထောင်ထဲသို့ပို့ရန် ကြိမ်းဝါးနေသည့် ရှေ့နေကြီးကို ကြောက်လန့်စိုးရိမ် လျက် သူ့အမှုများကို အနိုင်ချည်းပေး၍ စီရင်မှ သင့်လေမည်လေ။ သူ့ အမှု မနိုင်ပါလျှင်လည်း မတရားစီရင်ဆုံးဖြတ်မှုကို ခံခဲ့ရပါသည် ဟူ၍ လွှတ်တော်ထဲ ၌တခမ်းတနား ဖွဲ့နွဲ့ပြောဆိုနေမည်လော။

အကျွန်ုပ်တို့အမှုသည်များသည် လက်ရှိငှားရမ်းထားသော ရှေ့နေ တို့ကို ပါဝါရုပ်သိမ်းလျက် တရားသူကြီးများကိုပင် လွှမ်းမိုးခြောက်လှန့် နိုင်သည့် ရှေ့နေကြီးကို ပြောင်းလဲ၍ သင့်လျော် လေမည်လော။

စိုးရိမ်ကြောင့်ကြရှိမည် ထင်ပါသည်။ စိုးရိမ်ကြောင့်ကြဖြစ်ဖွယ် ရှိ ပါသည်။ တရားမျှတမှုသည် မစီရင် မဆုံးဖြတ်မီကတည်းက ထိပါး ကျိုးပဲ့ခဲ့ဖွယ် ရှိပါသည်။

ထိန်းကျောင်းသူအဖြစ်လည်းကောင်း၊ လျှောက်တောင်းသူ အဖြစ် လည်းကောင်း တစ်ပြိုင်တည်း ဆောင်ရွက်၍ သဘာဝမကျနိုင်သည် ကတော့ မြင်သာနေပြီ ဖြစ်ပါသည်။

လင်းနို့နှင့်ကြွက်

မြန်မာနိုင်ငံတရားဥပဒေများ အက်ဥပဒေပုဒ်မ ၃ တွင် ဥပဒေ ပြဋ္ဌာန်းထားခြင်း မရှိပါက (Justice, equity and good conscience)

တရားမျှတမှု၊ သာနာညီမျှမှုနှင့် ကောင်းမြတ်သော ကိုယ်ကျင့်တရားတို့ဖြင့် ဆောင်ရွက်ရမည်ဆိုပါသည်။

အပြန်အလှန် ထိန်းကျောင်းနိုင်သည့် ကော်မတီတစ်ရပ်ရပ်တွင် ပါဝင်မည်ဆိုပါက ရှေ့နေအဖြစ် လိုက်ပါဆောင်ရွက်ဆဲအမှုမှ ကိုယ်စားလှယ်ပါဝါ ရုပ်သိမ်းခြင်းဖြင့် မိမိ၏ဖြောင့်မှန်မှုကို ပြသနိုင်ပါသည်။ ရှေ့နေအဖြစ် အမှုများ လိုက်ပါဆောင်ရွက်လိုပါက ကော်မတီဝင်အဖြစ်မှ နုတ်ထွက်ခြင်းဖြင့် မိမိ၏ဖြူစင်မှုကို ပြသနိုင်ပါသည်။

လင်းနို့ခွန်ကောက်လျှင် ကြွက်ဟူ၍လည်းကောင်း၊ ကြွက်ခွန်ကောက်လျှင် လင်းနို့ဟူ၍ လည်းကောင်း လွယ်လွယ်လူပ်ယိမ်း၍လည်း ရနိုင်ပါသည်။ တရားမျှတမှု၊ သာနာညီမျှမှုနှင့် ကောင်းမြတ်သော ကိုယ်ကျင့် တရား အလို့ငှာသာ ဂမ်းနည်းစရာ ဖြစ်ကောင်း ဖြစ်ရပါမည်။

**[ အမှတ် (၂၃) ၁၈၊ အောက်တိုဘာ၊ ၂၀၁၂။**

**Myanmar Independent ဂျာနယ် ]**

*